# People's Defence Force (Kalay)

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

အောက်တိုဘာ၂၃ ရက်၊ ၂၀၂၁

၁။ ယနေ့နေ့လည် ၁ နာရီအချိန်တွင် ဂန့်ဂေါမြို့နယ် ဟံသာဝတီရွာဘက်မှ ထွက်ခွာလာသော စစ်ကား ၂ စီးအား ကလေးမြို့နယ် မှန်တောနှင့် ကမ်းပါးနီ အကြားတွင် PDF (Kalay) တပ်ဖွဲ့ဝင်များက ဆွဲမိုင်း ၂ လုံးဖြင့် ကြားဖြတ်တိုက်ခိုက်ခဲ့ရာ စစ်ကား ၁ စီး ထိခိုက်ပျက်စီးသွားခဲ့ပြီး မင်းအောင်လှိုင်လက်ပါးစေ အကြမ်းဖက်စစ်သားများ ၅ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိသွားကြောင်း သိရသည်။ မိုင်းခွဲတိုက်ခိုက်ခံရပြီးနောက် အကြမ်းဖက်စစ်သားများက ဘေးပတ်ဝန်းကျင်သို့ ကြောက်လန့်တကြား တရစပ်ရမ်းသမ်း ပစ်ခတ်ခဲ့သော်လည်း မိမိတို့ PDF (Kalay) တပ်ဖွဲ့ဝင်များ အထိအခိုက်မရှိ ဆုတ်ခွာနိုင်ခဲ့ပါသည်။

၂။ ယနေ့ညနေ ၅ နာရီ အချိန်တွင် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင်များက အရပ်သုံးအိမ်စီးကားငယ် ၁ စီးဖြင့် ကလေးမြို့မှ ထွက်ခွာလာရာ သာစည်ရွာအနီးတွင် PDF (Kalay) တပ်ဖွဲ့ဝင်များက စစ်ဆေးရန် တားဆီးရာတွင် နောက်ပြန်လှည့်မောင်းပြေးသဖြင့် PDF (Kalay) တပ်ဖွဲ့ဝင်များက လိုက်လံပစ်ခတ်ခဲ့ရာ ယင်းအိမ်စီးကားမှာ လမ်းဘေးချောက်အတွင်းသို့ ပြုတ်ကျသွားခဲ့ပါသည်။ မင်းအောင်လှိုင်လက်ပါးစေ အကြမ်းဖက်စစ်သားများ အထိအခိုက်အသေအဆုံးရှိနိုင်သော်လည်း အတည်ပြုနိုင်ခြင်းမရှိသေးပါ။

၃။ စစ်ရေးအခြေအနေများကြောင့် ကလေး-ဂန့်ဂေါလမ်းပိုင်းကို ယခုရက်သတ္တပတ်အတွင်းအသုံးပြု ဖြတ်သန်းသွားလာခြင်း လုံးဝမပြုလုပ်ရန် ယမန်နေ့က ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။ အချိန်မရွေးဖြစ်ပွားနိုင်သည့်တိုက်ပွဲများကြောင့် လုံခြုံရေးအန္တရာယ်ရှိနိုင်သဖြင့် ထုတ်ပြန်ချက်ကို အထူးအလေးထားလိုက်နာကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။